

# Apple Health Expansion

*ဝါရှင်တန်ရှိ ရွှေ့ပြောင်းနေထိုင်သူများ၏ ကျန်းမာရေး အာမခံအကျုံးဝင်လွှမ်းခြုံမှုအား တိုးချဲ့ပေးခြင်း၊ အကြောင်းမှာ သင်၏ ကျန်းမာရေးသည် အရေးကြီးပေသည်*

Washington Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုသည် အချို့သော ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အခြေအနေများ ရှိသည့် အသက် 19 နှစ် နှင့် အထက် အရွယ်ရောက်လူကြီးများအတွက် အကျုံးဝင်မှုပမာဏအား တိုးချဲ့ပေးသွားမည် ဖြစ်သည်။ ဤအစီအစဉ်အသစ်အား Apple Health Expansion ဟု ခေါ်ဆိုပေသည်။

## အကျုံးဝင်လွှမ်းခြုံပေးသော ဝန်ဆောင်မှုများ

**ဆေးဘက်ဆိုင်ရာ**

- ထောက်ပံ့သူထံ တွေ့ဆုံပြသမှုများ
- ဆေးရုံ ဝန်ဆောင်မှုများ
- ပြန်လည်ထူထောင်ရေး နှင့် ကျွမ်းကျင် စောင့်ရှောက်မှုများတို့အတွက် သူနာပြု ဂေဟာဝန်ဆောင်ထောက်ပံ့မှုများ

**သွားဘက်ဆိုင်ရာ**

- ကြိုတင်ကာကွယ်မှု ဝန်ဆောင်မှုများ၊ စစ်ဆေးမှုများ နှင့် ရောဂါရှာဖွေဖော်ထုတ်မှု လုပ်ငန်းစဉ်များ
- ပြန်လည်ပြုပြင်ရေး (သွားဖာခြင်းများ)၊ သွားဖုံးဆိုင်ရာ (သွားဖုံးရောဂါ)၊ သွားအမြစ်ဆိုင်ရာ (အမြစ်လမ်းကြောင်း)၊ နှင့် သွားတုများ
- ခံတွင်း ခွဲစိတ်ကုသမှု

**အမူအကျင့်ပိုင်းဆိုင်ရာ ကျန်းမာရေး**

- မူးယစ်ဆေး၊အရက်သေစာ စွဲလန်းအသုံးပြုမှု ကုသရေး ဝန်ဆောင်မှုများ
- စိတ်ကျန်းမာရေး ကုသမှု

**ဆေးဆိုင်**

- ကောင်တာတွင် အလွယ်တကူ ဝယ်ယူနိုင်သော နှင့် ဆေးစာလိုအပ်သော Apple Health နှစ်သက်ရာ ဆေးဝါး စာရင်းပေါ်မှ ဆေးဝါးများ

**အသက် 19 မှ 20 အထိသော လူငယ်များအတွက် အထူး ဝန်ဆောင်မှုများ**

- ကျန်းမာကြံ့ခိုင်ရေး စစ်ဆေးမှုများ
- ကျောရိုးနှင့် အဆစ်အမြစ်ဆိုင်ရာ စောင့်ရှောက်မှု
- အမြင်အာရုံပိုင်းဆိုင်ရာ ထောက်ကူပစ္စည်း
- သွားနှင့် မေးရိုးဆိုင်ရာ ကုသမှု

## မရရှိနိုင်သော ဝန်ဆောင်မှုများ

အကျုံးဝင်လွှမ်းခြုံပေးခြင်းမရှိသော ဝန်ဆောင်မှုများတွင် အောက်ပါတို့ အကန့်အသတ်မရှိ ပါဝင်ပါသည် ( - )

- အစောပိုင်း ကာလအပိုင်းအခြား စစ်ဆေးမှု၊ ရောဂါရှာဖွေဖော်ထုတ်မှု နှင့် ကုသမှု (EPSDT)
- ပံ့ပိုးကူညီပေးသည့် အထူးစီမံကွပ်ကဲမှု
- ပုဂ္ဂလိက တာဝန် သူနာပြုစောင့်ရှောက်ပေးခြင်း
- ရေရှည် သူနာပြု ဝန်ဆောင်မှုဂေဟာဆိုင်ရာ စောင့်ရှောက်မှု
- Health Home (ကျန်းမာသော နေအိမ်) အစီအစဉ်
- ချက်ချင်း ကုသစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်ထောက်ပံ့မှု

Washington Apple Health

Washington State Health Care Authority

HCA 19-0110 BS (4/24) Burmese

## မည်သူများ အရည်အချင်းပြည့်မီသနည်း။

Apple Health Expansion တွင် စာရင်းသွင်းမှုသည် အစီအစဉ်နေရာလွတ် ရရှိနိုင်မှုအပေါ်တွင် မူတည်ပေသည်။ နောက်ထပ်ပိုမို လေ့လာရန် hca.wa.gov/ahe-enrollment သို့ သွားရောက်ပါ။

အကယ်၍ သင့်တွင် အောက်ဖော်ပြပါ အခြေအနေများ ရှိလျှင် သင်သည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီကောင်း ပြည့်မီနိုင်ပါသည် –

- ဝါရှင်တန်တွင် အခြေချနေထိုင်သူတစ်ဦး ဖြစ်ပြီး၊ အသက် 19 နှစ် သို့မဟုတ် အထက် ဖြစ်လျှင်
- ပြသထားသော ကန့်သတ်ချက်များတွင် သို့မဟုတ် ၎င်းအောက်တွင် ရှိသော ဝင်ငွေများ ရှိနေလျှင်
- လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အခြေအနေများအပေါ် အခြေခံချက်အရ အခြားသော Apple Health (Medicaid) အစီအစဉ်များအတွက် အရည်အချင်းပြည့်မီခြင်း မရှိလျှင်
  - Apple Health အတွက် အရည်အချင်းပြည့်မီရန် ငါးနှစ်တာ စောင့်ဆိုင်းကာလဖြင့် ပြည့်မီခြင်း မရှိသော ရွှေ့ပြောင်းနေထိုင်သူများသည် Apple Health Expansion အတွက် အရည်အချင်းပြည့်မီမည် မဟုတ်ပေ။
- ကိုယ်ဝန်ဆောင်ထားရခြင်း မရှိလျှင် သို့မဟုတ် လွန်ခဲ့သော 12 လအတွင်း ကိုယ်ဝန်ဆောင်ကာလ ပြီးဆုံးသွားခဲ့ခြင်း မရှိလျှင်၊ ထို့ပြင်
- အဆင့်မြင့် ပရီမီယံကြေး အခွန်ခရစ်ဒစ်များ ပါရှိသော အရည်အချင်းပြည့်မီသည့် ကျန်းမာရေး အစီအစဉ်များ သို့မဟုတ် ဖယ်ဒရယ် ရန်ပုံငွေထောက်ပံ့ထားသော ဆေးဘက်ဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အစီအစဉ်များ အစရှိသည်တို့အတွက် အရည်အချင်းပြည့်မီခြင်း မရှိလျှင်။

## ဝင်ငွေ စံချိန်စံညွှန်း သတ်မှတ်ချက်များ

| အိမ်ထောင်စု အရွယ်အစား | 1 | 2 | 3 | 4 | 5 |
|---|---|---|---|---|---|
| လစဉ် ဝင်ငွေ | $1,732 | $2,351 | $2,969 | $3,588 | $4,207 |
| **အိမ်ထောင်စု အရွယ်အစား** | **6** | **7** | **8** | **9** | **10** |
| လစဉ် ဝင်ငွေ | $4,825 | $5,444 | $6,063 | $6,682 | $7,300 |

*ဧပြီလ 2024 စံချိန်စံညွှန်း သတ်မှတ်ချက်များအပေါ် အခြေခံထားသည်။ စံညွှန်း သတ်မှတ်ချက်များသည် နှစ်စဉ် အပြောင်းအလဲ ရှိနိုင်ပါသည်။

### မည်သို့ လျှောက်ထားရမည်နည်း။

အကယ်၍ သင်သည် အသက် 19 နှစ်မှ 64 နှစ်အတွင်း ဖြစ်လျှင် –

- **အွန်လိုင်း** wahealthplanfinder.org သို့ သွားရောက်ပါ။
- **ဖုန်း -** Washington Healthplanfinder သုံးစွဲသူ ပံ့ပိုးထောက်ပံ့မှု စင်တာထံ 1-855-923-4633 သို့ ခေါ်ဆိုပါ။

အကယ်၍ သင်သည် အသက် 65 နှစ် သို့မဟုတ် ၎င်းအထက် ဖြစ်လျှင် –

- **အွန်လိုင်း -** washingtonconnection.org သို့ သွားရောက်ပါ။
- **ဖုန်း -** 1-877-501-2233 သို့ ခေါ်ဆို၍ လျှောက်လွှာတစ်စောင်အား တောင်းဆိုပါ။

### နောက်ထပ် လေ့လာရန်

Apple Health Expansion နှင့် လျှောက်ထားရန် အခြားနည်းလမ်းများတို့နှင့်ပတ်သက်ပြီး နောက်ထပ်သော အချက်အလက်များအတွက် hca.wa.gov/apple-health-expansion သို့ ဝင်ရောက်ကြည့်ရှုပါ။

### အခြားသော Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှု

အမှုသည်များအနေနှင့် အခြားအမျိုးအစားသော Apple Health အာမခံအကျုံးဝင်လွှမ်းခြုံမှုများအား လက်ခံရရှိကောင်း ရရှိနိုင်ပါသည်။

ဖော်ပြပါတို့အတွက် အရည်အချင်းပြည့်မီမှုဆိုင်ရာ သတ်မှတ်ချက်များအား ကြည့်ရှုရန်

- ကလေးများ **hca.wa.gov/apple-health-children**
- ကိုယ်ဝန်ဆောင်များ **hca.wa.gov/apple-health-pregnant individuals**
- ကိုယ်ဝန်ဆောင်ပြီးနောက်ပိုင်း အာမခံအကျုံးဝင်လွှမ်းခြုံမှုများ – **hca.wa.gov/apc**
- နိုင်ငံသား မဟုတ်သူများအတွက် Apple Health – **hca.wa.gov/apple-health-non-citizens**

